**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**

အမိန့်ကြော်ငြာစာအမှတ် (၉/ ၂၀၁၈ )
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆုတ် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

## စမ်းသပ်စိုက်ပျိုးရမည့် ဦးစားပေးသီးနှံများပြင်ဆင်သတ်မှတ်ခြင်း

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သော မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားလိုသော အောက်ဖော်ပြပါ သီးနှံအုပ်စုများတွင်ပါဝင်သည့် **ဦးစားပေးသီးနှံ (၁၇) မျိုး၏ မျိုးသစ်မျိုးကွဲများအား ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု ရှိ မရှိ စမ်းသပ်စိုက်ပျိုးရမည်ဖြစ်**ကြောင်းနှင့် ကျန်သီးနှံမျိုးသစ်မျိုးကွဲများအား Document အပြည့်အစုံဖြင့် မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားရန် ထုတ်ပြန်ကြေညာလိုက်သည်။

| စဉ် | နှံစားသီးနှံများ | ပဲမျိုးစုံ သီးနှံများ | ဆီထွက် သီးနှံများ | ဥယျာဉ်ခြံသီးနှံများ | | စက်မှုကုန်ကြမ်း သီးနှံများ |
|---|---|---|---|---|---|---|
| | | | | သစ်သီးပင်များ | ဟင်းသီးဟင်းရွက်များ | |
| ၁။ | စပါး | မတ်ပဲ | မြေပဲ | ဖရဲ | ငရုတ် | ဝါ |
| ၂။ | ပြောင်း | ပဲတီစိမ်း | နေကြာ | သခွားမွှေး | ခရမ်းချဉ် | ရော်ဘာ |
| ၃။ | | ကုလားပဲ | နှမ်း | | ဂေါ်ဖီထုပ် | |
| ၄။ | | ပဲစဉ်းငုံ | | | ပန်းမုန်လာ | |

ခြွင်းချက် - မြေယာအလှအပင်များ၊ အလှစိုက်ပန်းပင်များနှင့် တိရိစ္ဆာန်စာအပင်များ( Landscape, Ornamentals and Forage) အားမျိုးစေ့လုပ်ငန်းလိုင်စင်သာ လျှောက်ထားရန်

၂။ အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၃၁.၈.၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇/၂၀၁၇) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဥက္ကဋ္ဌ)
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ မျိုးစေ့ဥပဒေ/၁၂၅/၂၀၁၈-၁၉/ ၁၂၃
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများ
တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံများ
မျိုးစေ့ကုမ္ပဏီများအားလုံး

**အမိန့်အရ**

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ